စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
စာအမှတ်၊-------
ရက်စွဲ၊-------
ငွေတိုက်ဦးစီးဌာန

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ငွေတိုက်ဦးစီးဌာန

**စိစစ်ရေးမှူး-၂ ရာထူး ရေးဖြေနှင့် လူတွေ့စာမေးပွဲ ဖြေဆိုရန် အကြောင်းကြားခြင်း**

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ငွေတိုက်ဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော စိစစ်ရေးမှူး-၂ (လစာနှုန်း ကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) ရာထူး (၁၃) နေရာအတွက် လျှောက်လွှာခေါ်ယူခဲ့ပြီးဖြစ်ရာ ရေးဖြေနှင့် လူတွေ့စာမေးပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် လာရောက်ဖြေဆိုနိုင်ပါရန် အကြောင်းကြားအပ်ပါသည်-

| စာမေးပွဲ ကျင်းပမည့်နေ့ | အချိန် | ဘာသာရပ် | ကျင်းပမည့်နေရာ |
|---|---|---|---|
| ၁၀-၆-၂၀၂၃ (စနေနေ့) | နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ | မေးခွန်းလွှာ (၁) မြန်မာစာနှင့်အင်္ဂလိပ်စာ | ငွေတိုက်ဦးစီးဌာန၊ ရုံးအမှတ်(၃၄)၊ နေပြည်တော် |
| ၁၀-၆-၂၀၂၃ (စနေနေ့) | မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ | မေးခွန်းလွှာ (၂) အထွေထွေဗဟုသုတ | ငွေတိုက်ဦးစီးဌာန၊ ရုံးအမှတ်(၃၄)၊ နေပြည်တော် |
| ၁၁-၆-၂၀၂၃ (တနင်္ဂနွေနေ့) | နံနက် ၁၀ နာရီမှ ပြီးဆုံးချိန်အထိ | လူတွေ့စစ်ဆေးခြင်း | ငွေတိုက်ဦးစီးဌာန၊ ရုံးအမှတ်(၃၄)၊ နေပြည်တော် |

၂။ **ယူဆောင်လာရမည့် စာရွက်စာတမ်းများ**

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား **(မူရင်း)**

(ခ) လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြထားသော စာရွက်စာတမ်း **(မူရင်း)** များ

၃။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားနှင့် အထက်အပိုဒ် (၂) ပါ အထောက်အထားစာရွက်စာတမ်း **(မူရင်း)** များကို ယူဆောင်လာရန် ပျက်ကွက်ပါက စာမေးပွဲဝင်ရောက်ဖြေဆိုခွင့်ပြုမည် မဟုတ်ပါ။

၄။ စာမေးပွဲဖြေဆိုသူများသည် ငွေတိုက်ဦးစီးဌာန၊ ရုံးအမှတ်(၃၄)၊ နေပြည်တော်သို့ ၁၀-၆-၂၀၂၃

ရက်နေ့ (စနေနေ့) နံနက် ၉ နာရီထက် နောက်မကျစေဘဲ သတင်းပို့ရမည်ဖြစ်ပါသည်။

၅။ စာမေးပွဲဖြေဆိုခွင့်ရရှိသူများ၏ ခုံအမှတ်များအား ငွေတိုက်ဦးစီးဌာန၊ ရုံးအမှတ် (၃၄)၊ နေပြည်တော်တွင် ၅-၆-၂၀၂၃ ရက်နေ့ (တနင်္လာနေ့) ၌ ထုတ်ပြန်ကြေညာမည်ဖြစ်ပြီး ငွေတိုက်ဦးစီးဌာန၏ ကြော်ငြာသင်ပုန်း၊ ဤဝန်ကြီးဌာန၏ Website www.mopf.gov.mm နှင့် ဤဦးစီးဌာန၏ Website www.treasury.gov.mm တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး တယ်လီဖုန်းအမှတ် ၀၆၇-၃၄၁၀၁၆၂ သို့လည်း စုံစမ်းမေးမြန်းနိုင်ပါသည်။

၆။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ၈-၆-၂၀၂၃ ရက်နေ့မှ ၉-၆-၂၀၂၃ ရက်နေ့အထိ ရုံးချိန်အတွင်း ဖြေဆိုခွင့်ရရှိသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်း) ပြ၍ ဤဦးစီးဌာနရှိရာ ရုံးအမှတ် (၃၄)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။